# ယဉ်တွန်း

ထောင်တွင်းစကား



# ကနဦးစကား

ကျနော်မှာ အကျဉ်းထောင်အတွင်း မကြာခဏ ရောက်ဖြစ်ခဲ့သည် ။ နှစ်ကာလ ကြာမြင့်စွာ နေထိုင်ခဲ့ဖူးသည် ။ အကျဉ်းထောင်အတွင်းဝယ် ပြင်ပလူ့အဖွဲ့အစည်းတွင် သုံးလေ့သုံးထမရှိသော အသုံးအနှုန်း၊ အပြောအဆိုများ ရှိသည် ။ ထိုသည် မှာ လည်း မထူးဆန်း။ လူ့အဖွဲ့အစည်းတိုင်းတွင် သူ့ဝန်းကျင်၊ သူ့သဘာဝအရ သုံးနှုန်းတတ်သော သီးခြားစကားလုံးများ ရှိတတ်သည် မှာ သဘာဝပင်။ သူ့အဖွဲ့အစည်းတစ်ခုအတွင်းမှ နယ်မြေတစ်ခုနှင့် ဒေသတစ်ခုချင်းပင် မတူတတ်။ ထောင်ဆိုသည် မှာ လူ့အဖွဲ့အစည်းအတွင်းမှ သီးခြားဘဝဖြစ်သည် ။ အကန့်အသတ်ခံထားရသော နယ်မြေတစ်ခုဖြစ်သည် ။ ထို့အတွက် သီးခြားသဘာဝနှင့် သီးခြားအလေ့အထ၊ အသုံးအနှုန်းများ ရှိသည် ။

ကျနော့်မိတ်ဆွေ ကိုညိုအေးမှာ နဂသိန်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် တာဝန်ယူရသောအခါ ထိုထောင်တွင်း သီးခြားစကားလုံးများကို ဖော်ပြရန် ဆန္ဒရှိသည် ။ ကျနော့်ကို ရေးသားရန်လည်း ဆော်သြသည် ။ ကျနော်က စာရေးပျင်းသည် ။ အလုပ်လည်း အမြဲရှုတ်ထွေးနေတတ်သည် ။ သို့သော် တစ်လတစ်ကြိမ်မို့ ရေးရန်ဝန်ခံပြီး ရေးဖြစ်သည် ။ ရေးစတွင် ထောင်တွင်းစကားလုံးများကို အဘိဓာတ်အသွင်ရေးသားဖို့ ကြိုးစားမိသည် ။ နောက်တော့ ထိုစကားလုံးများ နှင့် ဆက်စပ်နေသော ကျနော့်ထောင်တွင်းဘဝများ အကြောင်းပါ တွဲစပ်ရေးသားမိသည် ။ ကျနော်ရေးသမျှကိုလည်း ကိုညိုအေးက မဂ္ဂဇင်းတွင် နဂသိန်အဘိဓာန်ဟူသော သီးခြားအခန်းတစ်ခန်းဖွင့်ကာ ဖော်ပြခဲ့သည်

။

ထိုသို့ ကြုံလျှင် ကြုံသလို ရေးသားမိခဲ့သော စာများကို ရှေ့နောက်အပြန်အလှန် ဆက်စပ်လိုက်လျှင် ကျနော် ထောင်တွင်းဘဝဖြတ်သန်းမှု ကိုယ်တွေ့ဇာတ်လမ်းရှည်ကြီးတစ်ပုဒ် ဖြစ်လာတော့သည် ။ ထိုဇာတ်လမ်းရှည်ကြီးကို စုစည်းထုတ်ဝေလိုက်ခြင်းသာ ဖြစ်သည် ။

ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်လျက်...

ယဉ်ထွန်း

# လမ်းကြောင်း
# ၁၉၈၉ ခုနှစ်။
# မင်္ဂလာတောင်ညွန့် တရားရုံး။

အပြင်တွင် နေကျဲကျဲပူနေပေမယ့် အချုပ်ခန်းအတွင်းတွင် မူ ခပ်မှောင်မှောင်ဖြင့် အိုက်လှောင်နေသည် ။ စကားပြောသံများ တဝေါဝေါနှင့် ဆူညံနေသည် ။ အပြင်ဘက်မှ လှမ်းအော်ပြောသံ၊ ခြေကျင်းသံ တချွင်ချွင်၊ စကားများ ရန်ဖြစ်သံ၊ အမေ၊ နှမနှင့် ကိုင်တုတ်ဆဲရေးသံ ဟိန်းဟောက်သံခြိမ်းခြောက်သံတို့ ဖြင့် အချုပ်ခန်း ကျဉ်းလေးထဲတွင် ပိတ်လှောင်မွန်းကျပ်နေသည် ။ အခန်းဝတွင် စောင့်နေသော ရဲက တစ်ခါတစ်ခါ အော်ဟစ်ကြိမ်းမောင်းစဉ် ခဏတာ တိတ်ဆိတ်သွားပေမယ့် မကြာမတင် တဝေါဝေါနှင့် ပြန်ဆူညံလာပြန်သည် ။

အပြင်ဘက်တွင် စောင့်နေကြသော မိသားစုများက ပေးလိုက်သော စားစရာ။ သောက်စရာများကို ထိုအပေါက်စောင့် ရဲကပင် အချုပ်သားနာမည်များ အော်ကာ လာပေးတတ်သည် ။ ကျန်တော်တို့ အ မှု တွဲ လေး ယော က် မှာ အ ချု ပ် ခ န်း ၏ ထောင့်တစ်ထောင့်တွင် စုထိုင်ကာ စကားပြေနေကြသည် ။ ယခုတစ်ကြိမ် ရုံးထွက်ရသည် မှာ တတိယအ ကြိမ်မြောက်ဖြစ်သဖြင့် ယခုလို အခင်အကျင်းမျိုးကို စိမ်းမနေတော့ချေ။ မကြာခင်မှာ ပင် ကျွန်တော်တို့ နာမည်အော်သံနှင့်အတူ စားသောက်စရာများ ရောက်လာသည် ။ အချိန်ကလည်း နေ့လယ်ထမင်းစားချိန်ရောက်လို့ နေချေပြီ။ ထောင်ထဲမှာ ဆိုလျှင် ယခုအချိန်လောက်ဆိုလျှင် စားသောက်ပြီးစီး၍ နေ့လယ်တန်းပိတ်ချိန်၊ အိပ်ရန်ပင်ပြင်ဆင်နေလောက်ပြီ။ ယခုတော့

ကျွန်တော်တို့ မှာ ခရီးရှည်ထွက်နေသလို ခံစားရကာ ဘာမှ မယယ်မယ်ရရ စားမထားဘဲ ရင်ပြည့်နေသလိုနေဖြစ်၍ စားသောက်လိုစိတ်များ ပျောက်ကွယ်နေ၏ ။

အပြင်မှ ပို့ပေးလိုက်သော အစားအသောက်များမှာ တော့ အကောင်းစားတွေ ချည်းပင်။ (၁၄) ရက်မှ တစ်ခေါက်မို့ထင်၏ ။ ဒံပေါက်များ အချိုရည်များ နှင့် ငှက်ပျောသီးပင် ပါလိုက်သေးသည် ။ ကျွန်တော့်လိုပင် ကျန်သုံးဦးမှာ လည်း ဆာဟန်မတူ။ သို့သော် ရုံးထွက်က တစ်နေကုန်နီးပါး ကြာတတ်သဖြင့် အဆာပြေလောက်တော့ စားရပေဦးမည်။ အပြန်တွင် ထောင်သို့ ပြန်ယူသွားရန် ပိုသော အစားအသောက်များကို ထုတ်ပိုးသိမ်းဆည်းထားလိုက်သည် ။ ပြီးမှ လက်ဖက်ရည်ကို ပိုသော အစားအသောက်များကို ထုတ်ပိုးသိမ်းဆည်းထားလိုက်သည် ။ ပြီးမှ လက်ဖက်ရည်ကို လေးယောက်သား မျှသောက်ကြကာ ဆေးလိပ်ဖွာရှိုက်နေကြသည် ။ ကျွ န် တော့် မှာ တစ်ခါတစ်ရံ အပေါက်ဝသို့ သွားကာ အမေ့ကို တွေ့လိုတွေ့ငြား တံခါးပေါက်မှ ဖြေဖျားထောက်ကာ အပြင်သို့ မျှော်ကြည့်မိတတ်သည် ။ အချုပ်ခန်းတံခါးမှာ သံတိုင်များ နှင့် မဟုတ်။ သစ်သားပြားကြီးများ ဖြင့် ကာရံထားသော တံခါးဖြစ်သည် ။

ရီမန်ကြီး တစ်ပတ်ဟု ဆိုကြသော (၁၄) ရက်တစ်ခါ ယခုလို ရုံထွက်နေစဉ် တစ်နေ့တာမျှ နေထိုင်ရသော တရားရုံးအချုပ်ခန်းလေးကို ကျွန်တော်မှာ နေသားမကျနိုင်။ စိတ်မောလူမော ဖြစ်နေရသောကြောင့် ဖြစ်လိမ့်မည်။ မိသားစုများ နှင့် ပြန်တွေ့ရသဖြင့် ဝမ်းနည်းစိတ်ကလည်း ကြီးစိုးနေရသည် ။ ရုံးထွက်ပြီးအပြန် အင်းစိန် သီးသန့်ထောင်အတွင်း မိမိတို့ ကို ထားရာအခန်းလေးထဲ ပြန်ရောက်မှ ပင် ကိုယ့်အိမ်ကိုယ့်ရာကို

ပြန်ရောက်သွားသလို သက်ပြင်းမောကို ချကာ တစ်ယောက်နှင့်တစ်ယောက် တွေ့ကြုံခဲ့သည် များကို ပြန်ပြောကြရင်း ရယ်ရယ်မောမောဖြင့် စားနိုင်သောက်နိုင်တော့သည် ။

အချုပ်ခန်းအတွင်းမှ အကျဉ်းသားများကို ရဲအရာရှိများက အမှုစစ်ရန် တစ်သုတ်ပြီးတစ်သုတ် ခေါ်ထုတ်သွားကြသည် ။ ထို့အနောက် ပြန်လာပို့ကြသည် ။ ကျွန်တော်တို့ အလှည့်က မရောက်နိုင်သေး၊ အချိန်ကား နေ့လယ်ခင်း နှစ်နာရီခန့် ရှိနေပြီ။

သိပ်မကြာခင်မှာ ပင် ရဲအရာရှိတစ်ဦး စာရွက်ကိုင်ကာ အပေါက်ဝသို့ ရောက် လာပြီး အကျဉ်းသားအမည်များကို အော်ခေါ်ပြန်သည် ။ ကျွန်တော်တို့ ၏ အမည်များ လည်း ပါသည် ။ လူအများကြား တိုးဝှေ့ကာ အပေါက်ဝသို့ ရောက်သွားကြသည် ။ တစ်ဦးချင်း အပြင်သို့ ထွက်ကြသည် ။ အပြင်သို့ ရောက်သည် နှင့် ရဲတစ်ဦးက ကြိုးတစ်ချောင်းနှင့် လက်ကို ချည်နှောင်လိုက်သည် ။ ကြိုးချည်သည် မှာ လည်း တစ်ဦးချင်းမဟုတ်ဘဲ ကြိုးရှည်ကြီးတစ်ချောင်းတည်းတွင် အားလုံးကို တစ်ဆက်တည်း ချည်နှောင်ထားသဖြင့် အတွဲလိုက် လူတန်းရှည်ကြီး ဖြစ်နေသည် ။ ရဲအရာရှိက ထိပ်ဆုံးမှ ကြိုးစကို ဆွဲကာ လူတန်းကြီးကို နွားဆွဲသလို အတွဲလိုက်ကြီး ဆွဲခေါ်သွားသည် ။

အပြင်ရောက်သည် နှင့် စူးရှပူပြင်းသော နေရောင်ကြောင့် မျက်လုံးများ ကျိန်းစပ်သွားကြသည် ။ အလင်းစူးစူးကြားမှ ပင် အမေ့ကို ကျွန်တော် ရှာဖွေမိသည် ။ သိပ်ပင်ကြိုးစားမရှာလိုက်ရ အမေနှင့်မရီးမှာ ကျွန်တော့်အနားသို့ ပြေးလာကြသည် ။ ကျွန်တော်၏ အမှုတွဲများ ဖြစ်သော မြင့်ထွေး၊ မျိုးလွင်နှင့် ကျော်ကျော်တို့ ၏ အမေ၊ အစ်မများ

လည်း အနားသို့ ရောက်လာကြသည် ။

ကျွန်တော်တို့ က ရဲအရာရှိဆွဲခေါ်ရာ အတန်းလိုက်ကြီးသွားနေရသလို မိသားစုတွေကလည်း ကျွန်တော်တို့ ဘေးမှ လိုက်ပါကာ စကားတွေပြောလာကြသည် ။ အားလုံးမှာ တပျော်တပါးကြီးပင်။

တ ရား ရုံး မှာ မို ငါးကုပ်ကုပ် နှစ်ထပ်ပျဥ်ထောင်အိမ်ကြီးတစ်ခုဖြစ်သည် ။ ကျွန်တော်တို့ ကို စစ်ဆေးမည့် တရားသူကြီးအခန်းမှာ အပေါ်ထပ်တွင် ရှိသည် ။ အတန်းလိုက်ကြီး အပေါ်ထပ်သို့ တက်ကြရပြီး တရားရုံး အခန်းထဲရောက်လျှင် ခုံတန်းရှည်များ ပေါ်တွင် ထိုင်ကြရသည် ။ မိသားစုများကတော့ အပေါက်ဝတွင် တစ်လစ်ကျန်ရစ်ကာ တိုးဝှေ့ပြီး အခန်းတွင်းသို့ ရပ်ကြည့်နေကြသည် ။

အနည်းငယ်ကြာပြီးနောက် အနက်ရောင်တိုက်ပုံ ဝတ်ထားသော တရားသူကြီးတစ်ယောက် အခန်းနောက်ပေါက်မှ ဝင် လာပြီး ခုံပေါ်တွင် တက်ထိုင်သည် ။ ကျွန်တော်တို့ လူတန်းကြီးမှ ယိမ်းကကြသလိုပင် အတန်းလိုက် မတ်တပ်ရပ်ကြရသည် ။ တရားသူကြီးထိုင်လိုက်မှ ပင် ကျွန်တော်တို့ ပြန်ထိုင်ရသည် ။ တရားသူကြီးမှာ ကျွန်တော်တို့ ကို တစ်ချက်ကလေးမျှပင် ဝှေ့မကြည့်ဘဲ လက်ထဲမှ စာရွက်ကိုသာ ငုံ့ကြည့်ကာ နာမည်များ ခေါ်သည် ။ နာမည်ပါသူက မတ်တပ်ရပ်ကာ နားထောင်ရသည် ။ တရားသူကြီးက ဘာအမှုမှ မစစ်၊ နောက်ထပ်ရုံးချိန်းရက်ကိုသာ ပြောသည် ။

ကျွန်တော်တို့ လေးယောက်အမည်ကို ခေါ်သောအခါ ကျွန်တော်တို့ မတ်တပ်ရပ်လိုက်ကြသည် ။ အရင်လူများကဲ့သို့ပင် တရားသူကြီးမှာ

နောက်ထပ် (၁၄) ရက်အကြာ ရုံးချိန်ရက်ကို ပြောသည် ။ အားလုံးပြီးနောက် တရားသူကြီးက ထကာ နောက်ပေါက်မှ ထွက်သွားမှ ပင် ရဲအရာရှိက ကျွန်တော်တို့ လူတန်းကြီးကို ပြန်လည်ဆွဲခေါ်သွားပြန်သည် ။ မိသားစုများကလည်း ဘေးမှ ကပ်လိုက်သော စကားတွေပြောကြရင်းဖြင့် ကျွန်တော်တို့ ကို အချုပ်ခန်းထဲ ပြန်ထည့်လိုက်သည် ။ ယမန်တစ်ပတ်တာကိစ္စတော့ ပြီးပြီ။ တဖြည်းဖြည်းနှင့် နေညို လာပြီ။ အင်းစိန်သို့ ပြန်ရတော့မည်။

မကြာမီမှာ ပင် အချုပ်ခန်းရှေ့သို့ ကားပြာကြီး ထိုးဆိုက်လာသည် ။ နာမည်များ အော်ခေါ်ကြပြန်သည် ။ အချုပ်ခန်းတွင်းရှိသူ အားလုံး တစ်ဦးချင်းထွက်ကာ တန်းစီ၍ အချုပ်ကားပြာကြီးပေါ် တက်ကြရသည် ။ မိသားစုများကလည်း ကားပြာကြီးနား ပတ်လည်ဝိုင်းကာ အသီးသီးက နှုတ်ဆက်ကြသည် ။ ကားပေါ်ရောက်ရောက်ချင်း ကျွန်တော်တို့ သည် သံတိုင်များကာရံထားသော အပေါက်ကျဉ်းကျဉ်းလေးဆီသို့ တိုးဝှေ့ကာ အပြင်သို့ ကြည့်ကြသည် ။ ကားအောက်တွင် အမေနှင့် မရီးကို လှမ်းတွေ့ရသည် ။ မရီးမှာ မျက်နှာမှာ ငိုမဲ့မဲ့နှင့်၊ အမေကတော့ ကျန်းမာရေး ဂရုစိုက်ရန် လှမ်းမှာနေသည် ။ ကျွန်တော့်အမှုတွဲသုံးယောက်၏ အမေများကလည်း အသီးသီး မှာ ကြားနေကြသည် ။ ကျွန်တော် အလိုလိုဝမ်းနည်းလာသည် ။ ထိန်းချုပ်၍ မရ မျက်ရည်များ တစ်ပေါက်ပေါက် ကျလာသည် ။ အမေကတော့ အံ့ကြိတ်ကာ

‘ မငိုရဘူး ’

ဟု လှမ်းကြိမ်းသဖြင့် ကျွန်တော် ကမန်းကတန်း မျက်ရည်သုတ်လိုက်ရသည် ။ ဒါပေမယ့် အမေ့မျက်ဝန်းမှာ တော့

မျက်ရည်များ ဝေသီနေသည် ကို အမှတ်ထင်ထင် တွေ့လိုက်ရသည် ။

‘ လမ်းကြောင်းကားထွက်မယ် ’

အော်သံနှင့်အတူ အချုပ်ကားကြီး ထွက်ပြီးနှုတ်ဆက်သံများ မှာ သံများ ဖြင့် ဆူဆူညံသွားသည် ။ ထိုလူအုပ်ကြီးမှာ ကားပြာကြီးနောက်သို့ လိုက်လာကြသေးသည် ။ ကားမှာ တဖြည်းဖြည်းနှင့် ဝေးသွားသည် ။ အချုပ်ကားကြီးအတွင်း တိတ်ဆိတ်သွားသည် ။ လူတိုင်းရင်ထဲ ဝမ်းနည်းနေကြဟန်တူသည် ။ ခဏအကြာမှ စကားပြောသံများ ဖြင့် အချုပ်ကားအတွင်း ဆူညံလာပြန်သည် ။ တချို့ အကျဉ်းသားများမှာ လမ်းပေါ်ရှိ ကောင်မလေးများကို လှမ်းအော်နောက်ပြောင်နေကြသေးသည် ။ ကားပြာကြီးမှာ အင်းစိန်ထောင်သို့ တရိပ်ရိပ်။

***********

ကျွန်တော်ထိုင်နေကျ ဗိုလ်ချုပ်လမ်းမပေါ်မှ လက်ဖက်ရည်ဆိုင်ကလေးမှာ ဒီမနက် ခါးတိုင်းနှင့်မတူ၊ ပလက်ဖောင်းပေါ်တွင် ခုံများ ခင်းမထားဘဲ တိုက်ခန်းစွန်းတွင် သာ ခုံများ ကပ်ချထားသည် ။ ကျွန်တော်လည်း ကပ်ချထားသောခုံတွင် သာ ကပ်သပ်ထိုင်ရင်း ရင်းနှီးနေသော ဆိုင်ပိုင်ရှင်ကို မေးကြည့်ရသည် ။ ဆိုင်ရှင်က ...

‘ လမ်းကြောင်းရှိလို့ ’

ဟု ပြန်ပြောသည် ။ သူပြောသည် ကို ကျွန်တော်လည်း အလိုလို နားလည်လိုက်သည် ။ ထိုဆိုင်အနားတွင် ဝန်ကြီးဌာနရုံးတစ်ရုံးရှိသည် ။ ဌာနဆိုင်ရာ ရုံးတစ်ရုံးလည်း ရှိသေးသည် ။ ထိုရုံးများ သို့ အရာရှိကြီးကြီးများ မကြခဏ လာတတ်သည် ။ ထိုသို့

လာသည့်နေရာတွင် လမ်းတစ်လျှောက် ပလက်ဖောင်းပေါ်မှ ဈေးဆိုင်များ ရှင်းလင်းထားရသည် ။ ထိုသို့ ရှင်းလင်းရန်လည်း သက်ဆိုင်ရာမှ လမ်းတစ်လျှောက်ရှိ ဆိုင်များကို ကြိုတင် ရှင်းလင်းထားတတ်သည် ။ ထိုသို့ အရာရှိကြီးကြီးတစ်ဦးဦးလာသည် ကိုပင်

' လမ်းကြောင်းရှိတယ် '

ဟု သုံးကြလေသည် ။ ထိုစကားလုံးသုံးလျှင်လည်း လူတိုင်းလိုလို နားလည်ကြသည် ။ ထိုစကားလုံးကို အနှစ်ချုပ်ကြည့်သော် လမ်းကြောင်းဆိုသည် မှာ အရေးပါအရာရောက်သူတစ်ဦး သွားရာခရီးလမ်းတစ်ခုကို ဆိုလိုသည် ဟု ယူဆရသည် ။ ထိုသို့ ယူဆလိုက်သဖြင့် ကျွန်တော့်မှာ ဘဝင်မြင့်ချင်သလိုလို ဖြစ်သွားရသည် ။

အကျဉ်းထောင်အတွင်းရှိ တရားစွဲဆိုခံထားရသော အချုပ်သားများကို စစ်ဆေးခံရန် တရားရုံးသို့သွားရသည် ။ ထိုခရီးကို အကျဉ်းထောင်အတွင်း

' လမ်းကြောင်း ' ရှိသည်

ဟု ပြောကြလေသည် ။ အချုပ်သားများကိုတင်ဆောင်သွားရာ အချုပ်ကားပြာကြီးကိုလည်း ' လမ်းကြောင်းကား ' ဟု ပင် ခေါ်ကြသည် ။ ထိုလမ်းကြောင်းကားဖြင့် အချုပ်သားများ သာမက အချုပ်သူများကိုလည်း တစ်ပါတည်း ခေါ်ဆောင်သွားကာ ရုံးထွက်ရသည် ။။ ကားပြာကြီး၏ နောက်ခြမ်းတွင် အချုပ်သူအမျိုးသမီးများ အတွက် သီးခြားကန့်ထားသော အခန်းငယ်တစ်ခု ပါရှိသည် ။

ရုံးထွက်ရှိသော အချုပ်သူ၊ အချုပ်သားများကို ထိုလမ်းကြောင်းကားဖြင့် အင်းစိန်ထောင်မှ မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ တရားရုံးများကို ပို့ဆောင်ကာ စစ်ဆေးကြရသည် ။ ရုံးထွက်တွင် အမှုစစ်ဆေးဆဲများ ၊ ပြစ်ဒဏ်ချခံရပြီး နောက်မှုများ အတွက် ထပ်မံ ရုံးထွက်တွင် အမှုစစ်ဆေးဆဲများ ၊ ပြစ်ဒဏ်ချခံရပြီး နောက်မှုများ အတွက် ထပ်မံ ရုံးထွက် နေရသူများ လည်း ပါသည် ။ ထို နော က် မှု ထွ က် ရ သူ များ မှာ ထောင်ပုံစံအဝတ်အစားဝတ်ကာ၊ ခြေ ကျ င်း ခ တ် ၍ ရုံးထွက်ရပြီး ပြစ်ဒဏ် မကျသေးသည့် အ ချု ပ် သား များ မှာ အရပ်ဝတ်နှင့်ပင် ရုံးထွက်ရသည် ။ ထိုထောင်ပုံစံဝတ်စုံဝတ်၊ ခြေကျင်းခတ်၊ ရုံးထွက်သော နောက်မှုထွက်သူများ သည် လမ်းကြောင်းကားပေါ်နှင့် တရားရုံးအချုပ်ခန်းအတွင်း အခြားအချုပ်ခန်းသားများကို အုပ်ချုပ်ရသော အခန်းလူကြီးများ ဖြစ်ကြသည် ။

ထိုသို့ ရုံးထွက်ချိန်တွင် အချုပ်သားများကို မိသားစုမှ ရီမန်တစ်ပတ်အတွင်း ထောင်တွင် စားသောက်ရန် အစားအသောက်များ ထည့်ပေးနိုင်သည့်အတွက် ထိုရုံးထွက်မှာ အမှုစစ်ခြင်းသာမက အစားအသောက်အတွက်ပါ အဆင်ပြေသည် ။ ထောင်အတွင်း နှစ်ရှည်လများ ကျခံနေရသော အကျဉ်းသားကြီးများမှာမူ ထိုသို့ ရုံးထွက်ခြင်းကို စိတ်ထွက်ပေါက်တစ်ခု အနေနှင့်ပင် ထင်မှတ်ကြသည် ။ ထောင်အတွင်း နှစ်များ စွာ နေထိုင်ရသဖြင့် ပြင်ပလောကသို့ ခဏတာမျှ ရုံးထွက်နိုင်ရန် တမင်တကာပင် အမှုရှာကာ ရုံးထွက်ကြသည် ။

ထို့အပြင် ထိုရုံးထွက်လမ်းကြောင်းမှာ ထောင်အတွင်း ပိတ်ပင်ထားသော အရာများကို မှောင်ခိုသွင်းရာ

လမ်းကြောင်းတစ်ခုလည်း ဖြစ်နေတတ်သေးသည် ။ ထို့ကြောင့် ရုံးထွက်အပြန်တွင် အကျဉ်းသားများကို အကျဉ်းထောင်မှ ရှာဖွေရန် (တလာစီ) ကို တင်းတင်းကြပ်ကြပ် ပြုလုပ်တတ်သည် ။

ခြုံ၍ ကြည့်သော် လုံခြုံရေးသဘောပါသော လမ်းခရီးများကို လမ်းကြောင်းဟု ခေါ်ဆိုကြသည် ကို တွေ့နိုင်လေသည် ။ ထို့ကြောင့်ပင် အရာရှိလူကြီးတစ်ယောက် သွားသည့် လမ်းခရီးကိုပင်ဖြစ်စေ၊ အကျဉ်းသားများကို ခေါ်ဆောင်သွားရာ လမ်းခရီးကိုဖြစ်စေ လမ်းကြောင်းဟု ခေါ်ကြခြင်း ဖြစ်လိမ့်မည်။

***********

နိုင်ငံတော်
၁၉၉၈ ခုနှစ်။

အင်းစိန်ဆောင်းက ဆောင်းမပီသပေမယ့် ဖော်ဝေးသူအတွက် ချမ်းအေးသည် ဟု ထင်မှတ်ရသည် ။ အထူးသဖြင့် ညလယ်ပိုင်းနှင့် မိုးမသောက်မီကလေးတွင် စိမ့်၍ အေးလှသည် ။ သိုးမွေးဆွယ်တာကလေးတစ်ထည် ပါလာ၍ သာ ခံသာနေသေးသည် ။ ထိုဆွယ်တာကလေးမှာ လည်း ထောက်လှမ်းရေးများ လာခေါ်စဉ် အိမ်မှ ထည့်ပေးလိုက်၍ သာ ပါလာခဲ့ရခြင်း ဖြစ်သည် ။

ဟိုး ... ယခင်အခေါက်တွေတုန်းကလို သံမံတလင်းပေါ်တွင် ဖျာကြမ်းနှင့်ဆို မတွေးဝံ့စရာ။ အဲဒီ အခါတွေတုန်းက မည်သို့ ဖြတ်သန်းခဲ့သည် ကို ပြန်စဉ်းစား၍ မရတော့။ ယခုတော့ ထောင်မှ ကွပ်ပျစ်တစ်ခုပေးထားသဖြင့် တော်ပေသေးသည် ။ ပေးထားသည့် စောင်ပါးကလေးကလည်း ပက်လက်ဆန့်အိပ်လျှင် ခြေဖျားခေါင်းဆုံးမမီ၊ ကွေးအိပ်မှ သာ ခြုံ၍ ရသည် ။ တိုက်ခန်းတံခါးက သံတိုင်ချဉ်းမို့ ဆောင်းလေက တိုက်ခန်းအတွင်းအတားအဆီး မရှိ ဧည့်သွားဧည့်လာတတ်သည် ။ မိုးသောက်ခါနီး ဆိုလျှင် အအေးဓာတ်ကြောင့် အိပ်၍ မရတော့၊ အနာဂတ်မဲ့သော အတွေးများ နှင့် စောင်ခြုံကွေးကာ ဆောင်းရက်များကို အံခဲဖြတ်သန်းနေရတော့သည် ။

ကျွန်တော့်ကို ထောင်လှမ်းရေးများ ခေါ်လာသည် က ဇန်နဝါရီ၊ ယခု ဖေဖော်ဝါရီ၊ ရှေ့လဆို မတ်၊ ပြီးတော့ သင်္ကြန်။ ဘာရယ် မသိသော သတ်မှတ်ချက်မဲ့ဘဝနှင့် ဖြတ်သန်းနေရသည် ။

လူဟူသည် မှာ နေရာတစ်ခုတွင် သတ်မှတ်ချက်တစ်ခုတော့ ရှိဖို့

လိုအပ်သည် ။ ကျွန်တော် ရောက်နေသည့်နေရာက အင်းစိန်ထောင်။ ထောင်ဆိုသည့်နေရာကို ရောက်နေရသည့် လူများမှာ သတ်မှတ်ချက် သုံးမျိုးသာ ရှိသည် ။

တစ်မျိုးက အမှုရင်ဆိုင်ဆဲ ' အချုပ် '၊ နောက်တစ်မျိုးက ပြစ်ဒဏ်ကျပြီး ' အကျ ' ၊ နောက်ဆုံးတစ်မျိုးကတော့ အကျဉ်းထောင်ဝန်ထမ်းနှင့် အရာရှိများ ဆိုသည့် ထောင်အာဏာပိုင်များ ၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများ နှင့် ထောက်လှမ်းရေးများ ၊ ကျွန်တော်က အမှုရင်မဆိုင်ရသေးသဖြင့် အချုပ်သားဟု မဆိုနိုင်၊ ထောင်ကျဟု လည်း မမည်သာ။ မည်သို့သော ဥပဒေပုဒ်မဖြင့် ချုပ်နှောင်ထားသည် လည်း မသိရ။ ထိုရက်များကို ထောင်အခေါ်အရ 'စစ်ကြောရေး ကာလ ' ဟု ခေါ်ကြသည် ။

ယခုလို အချိန်အတွင်းမှာ ကျွန်တော်၏ လိုအပ်ချက်မှာ ကျွန်တော့်အတွက် တစ်စုံတစ်ရာ သတ်မှတ်ချက်ပင် ဖြစ်သည် ။ မည်သို့ပင် သတ်မှတ် ကျွန်တော်ကျေနပ်၏ ။ မကျေနပ်လည်း ကျေနပ်ရမည်ပင် မဟုတ်လော။ ထိုသို့ သတ်မှတ်ချက်တစ်ခုရှိမှ ပင် ကျွန်တော်၏ ထောင်တွင်းနေထိုင်မှုဘဝ မှာ အနည်းငယ် အဆင်ပြေနိုင်လိမ့်မည်။ သတ်မှတ်ချက်မရှိသော ကျွန်တော့်အဖို့ ထောင်ဝင်စာလည်း တွေ့ခွင့်မရ။ တစ်ကိုယ်ရည်သန့်ရှင်းမှုအရ လက်သည်း ခြေသည်းလည်း ညှပ်ခွင့်မရှိ၊ ဆံပင်လည်း ညှပ်ခွင့်မရှိ၊ နှုတ်ခမ်းမွေး မုတ်ဆိတ်များ လည်း ရိတ်ခွင့်မရ။ ထို့ကြောင့် ကျွန်တော့်မှာ တောမှီရသေ့တစ်ပါးလို ဖြစ်နေရသည် ။ သို့သော် ကျွန်တော့်မှာ တောမှီရသေ့မဟုတ်၊ နေ့စဉ် အာရုံငါးပါးကုံလုံစွာ နေထိုင်ခဲ့သော ဘဝမှ ရုပ်ခြည်း ဘုံကြိုးပြတ်ကာ ကျောက်ခေတ်သို့ ရောက်လာရသူ တစ်ယောက်ပမာ ဖြစ်နေရတော့သည် ။

သတ္တဝါဟူသည် မိမိအသက်ရှင် ရပ်တည်ရေးအတွက် ရုန်းကန်ကြမြဲ ဓမ္မတာအတိုင်းပင် ကျွန်တော့်မှာ လည်း ရုန်းကန်နေမြဲပင်။ အတော်ပင် ခက်ခက်ခဲခဲ ရှာဖွေမှ ရသော ပလတ်စတစ်အိတ်ကလေးတစ်ခုပေါ်တွင် ထောင်မှ ပေးသော ငါးပိစိမ်းကို အပြားကလေးဖြစ်အောင် ပြားကာ တိုက်ခန်းဝတွင် နေပူပြ၊ အနံ့သတ်ကာ သလပေါရည်နှင့် စားမြိန်လာနိုင်သည် ။ ထမင်းလာပို့သူထံမှ ငါးပိစိမ်းတွင် တစ်ခါတစ်ရံ ပါလာသော ငရုတ်သီးခြောက်တောင့်ကလေးများကို ရှာဖွေတောင်းရမ်းတတ်လာသည် ။ တစ်ထည်တည်းသော ပုဆိုးလျှော်သည့်နေ့တွင် စောင်ပါးကလေးကို ခါးတွင် ပတ်ကာ ရယ်မောတတ်လာသည် ။ အခြားသူ သောက်ပြီးသား ဆေးပေါ့လိပ်တိုကလေးများကို တောင်းရမ်းကာ အရသာခံ ဖွာရိုက်တတ်လာသည် ။ အပြင်လောကတွင် တစ်ခါမျှ မစဉ်းစားဖူးသည့် အရာများ နှင့် ရင်းနှီးကျွမ်းဝင်လာသည် ။ ထို့နောက် ထိုအရာများ အတွင်း အလိုက်သင့် ပျော်ဝင်စီးဆင်း လိုက်ရတော့သည် ။

ယခုရက်ပိုင်းအတွင်း ထိုအရာများ ထက် ကျွန်တော့်ကို ပိုမိုရိုက်ခတ်သော အကြောင်းအရာများ တိုက်အတွင်း ရှိလာခဲ့သည် ။ ထို အ ရာ မှာ အခြားသူများ ထက် ကျွန်တော့်အတွက် ပိုမိုအရေးကြီးသလိုလည်း ဖြစ်လာသည် ။ အဘယ်ကြောင့်ဆိုသော ထောင်မှ လွတ်မြောက်ရေးနှင့် ဆိုင်သော အကြောင်းအရာ ဖြစ်သောကြောင့် ဖြစ်သည် ။

ကျွန်တော်နေရသည့်တိုက်မှာ (၅) တိုက်။ ထိုအချိန်က (၅) တိုက်မှာ ပြစ်ဒဏ်တိုက်ဖြစ်၍ အားလုံးမှာ အချုပ်မပါ။ ထောင်ကျချည်းပင်။ ထောင်ကျပြီးခါမှ ထောင်တွင်းပြစ်မှုတစ်ခုခု ထပ်မံကျူးလွန်သဖြင့်

ရောက်လာကြသူချည်းပင်။ တချို့ဆိုလျှင် နှစ်ခါ သုံးခါပင် ထောင်ထပ်ကျနေသူများ ဖြစ်သည် ။ ကျွန်တော်သာလျှင် ဘာရယ်မသိ ဤနေရာသို့ ရောက်နေရသူ။

ထိုပြစ်ဒဏ်ကျအကျဉ်းသားတို့ ပြောနေကြသည် မှာ ရှေ့လာမည့် မတ်လ (၂၇) ရက်နေ့တွင် အစိုးရမှ အကျဉ်းသားအားလုံးကို လွှတ်ပေးမည်ဟူ၍ ဖြစ်သည်။ ထိုသို့ လွှတ်ပေးမည်ဆိုသည် မှာ သူတို့နှင့်သာ ဆိုင်၍ ကျွန်တော်နှင့် မဆိုင်ပေ။ ကျွန်တော်မှာ သူတို့လို ထောင်ကျမဟုတ်သဖြင့် ကျွန်တော် မပါနိုင်ဟု သိရသည် ။ ထောင်ကျများ အတွင်းမှာ လည်း မည်သူပါ နိုင်သည် ၊ မည်သူကတော့ မပါနိုင်ဟူ၍ လည်း သူတို့ ဘာသာ သူတို့ တွက်ချက်ခန့်မှန်းကာ မှတ်ချက်များ ပေးနေကြသည် ။

အစမှ ပြန်ကောက်ရသော် ကျွန်တော့်မှာ ထောင်အတွင်း သတ်မှတ်ချက် တစ်စုံတစ်ရာ မရှိသူတစ်ယောက် ဖြစ်နေရသဖြင့် ထိုသတင်းမှာ ကျွန်တော်နှင့် မသက်ဆိုင်သော သတင်းဖြစ်နေရသည် ။ ထိုသတင်းကို တိုက်ထောင်မှူး ဦးငွေပေါ် ကိုယ်တိုက်က သေချာသလိုလို ပြောဆိုသံ ကြားလာရသေအခါ ကျွန်တော့်မှာ အတော်ပင် စိုးရိမ်မကင်း ဖြစ်လာရတော့သည် ။ ထို (၂၇) ရက်နေ့တွင် အကျဉ်းသားများ လွှတ်သွားပြီး ကျွန်တော်ကတော့ ကျန်ရစ်ခဲ့လိမ့်မည်။ ပြီးမှ ကျွန်တော်တို့ ကို ရုံးထုတ်စစ်ဆေးကာ အမိန့်ချခံရလျှင် ကျွန်တော့်မှာ ထီပေါက်ပြီး ထီလက်မှတ် ပျောက်သူတစ်ယောက်လိုပင် မခံချိမခံသာ ခံစားရတော့မည်။ ထို့ကြောင့် ယခုရက်ပိုင်းအတွင်း ကျွန်တော့်မှာ မနေတတ် မထိုင်တတ် ဖြစ်နေရသည် ။ ‘ မြန်မြန် ထောင်ကျ အေးတာပဲ ’ ဟု ပင် တွေးလာတော့သည် ။ ညညဆိုလျှင် အခြားခံစားမှုများ ထက် တိုက်အတွင်း ပြောဆိုနေကြသည့် စကားလုံးတစ်လုံးမှာ ကျွန်တော့်ကို

အမြဲလှုပ်နှိုးနေတတ်သည် ။ ထို စကားလုံးမှာ ...

“ နိုင်ငံတော် ”

**********

ကမ္ဘာပေါ်တွင် အစောဆုံး ပေါ်ပေါက်ခဲ့သော ယဉ်ကျေးမှုခေတ်ကြီးများ ထဲမှ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုတွင် ‘ ဘုံကျေးရွာစနစ် ’ ကို အစောဆုံး တွေ့ရလေသည် ။ ထိုစနစ်ထွန်းကားသော ခေတ်ကိုပင် ပဒေသာပင်ခေတ်ဟု ဘာသာရေးစာပေများ တွင် ရေးသားနေကြဟန်ရှိသည် ။ စိုက်ပျိုးရေးအဓိကဖြစ်သော ထိုခေတ်၊ ထိုစနစ်တွင် စိုက်ပျိုးလယ်မြေကို မည်သူမျှ မပိုင်ဆိုင်ချေ။ ထို့အတူ မြေယာပိုင်ဆိုင်မှုမှာ လည်း လူတိုင်းတွင် ရှိသည် ။ လူတိုင်း တန်းတူအခွင့်အရေးရှိသည် ။ မင်းလုပ်အုပ်ချုပ်သော အစိုးရမရှိ။ သို့သော် မြေကောင်းမြေဆိုးများကို မည်သို့ခွဲဝေ ပိုင်ဆိုင်ရမည်ဆိုသော ပြဿနာနှင့် လူတို့ ကြားတွင် ရှိလာကြသော အခြားလူမှုရေး ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းတစ်ရပ်တော့ အခြေအနေ ဖြစ်ပေါ်မှုများ အရ မလွဲမသွေ လိုအပ်လာခဲ့သည် ။ ထိုအခါ လူအ များ သည် မိမိတို့ အ ထဲ မှာ ဆင်ခြင်တုံတရားမြင့်မားသူဟု ယူဆကြသော လူ (၅) ဦးကို ပြဿနာများ ဖြေရှင်းပေးရန် ရွေးချယ်တင်မြှောက်ကြရတော့သည် ။ တစ်နည်းအားဖြင့် တရားစီရင်ရေး ငါးဦးကော်မတီဟု ဆိုရမည်။ ထိုသို့ တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းမှာ လည်း ယဉ်ကျေးမှုခေတ်ဦးက အစောဆုံး ပေါ်ပေါက်ခဲ့သော ဒီမိုကရေစီပင်ဖြစ်သည် ။း ထိုငါးဦးကော်မတီ၏ စီမံခန့်ခွဲ ဆုံးဖြတ်မှုအောက်၌ လူအများ သည် ညီညွတ်မျှတ ငြိမ်းချမ်းစွာဖြင့် အချိန်အကြာကြီး နေထိုင်ခဲ့ကြသည် ။

သို့သော် အချိန်တစ်ခုသို့ရောက်သောအခါ ထိုစနစ်ကို ဖျက်ဆီးမည့်သူများ ပေါ်ပေါက်လာခဲ့သည် ။ ထိုဖျက်ဆီးမည့် သူများ သည် လက်နက်များ ကိုင်ဆောင်ထားကာ ထိုဘုံကျေးရွာများကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ကြသည် ။ ထိုသူများမှာ လူမျိုးခြားများ ဖြစ်ပြီး ဦးဆောင်သူတစ်ယောက်လည်း ပါရှိသည် ။ ထိုဦးဆောင်သူမှာ ဘုံကျေးရွာများကို မိမိပိုင်ဒေသအဖြစ် သတ်မှတ်ကာ အုပ်ချုပ်တော့သည် ။ ပုန်ကန်သူများကိုလည်း မိမိလူများ နှင့် နှိပ်ကွပ်ခဲ့သည် ။ ထိုမှ စ၍ ဘုရင်စနစ်ဆိုသည် မှာ ပေါ်ပေါက်လာခဲ့သည် ။

ထိုဘုရင်စနစ်တွင် ကောင်းမွန်သော ဘုရင်များ ပါဝင်သလို လူအများကို ညှဥ်းပန်းနှိပ်စက်တတ်သော ဘုရင်များ လည်း ရှိတတ်သည် ။ ထိုဘုရင်စနစ်၏ အနှစ်သာရမှာ အင်အားကြီးမားရန်ပင် ဖြစ်သည် ။ အင်အားဆိုသည် မှာ လည်း လက်နက်ကိုင်ဆောင်ထားသူ များများ ပိုင်ဆိုင်ရန်ပင်ဖြစ်သည် ။ ထိုအင်အားဖြင့် တခြားဒေသများ သို့ သွားရောက်တိုက်ခိုက်မည်။ ပြီးနောက် မိမိပိုင်အဖြစ် သတ်မှတ်ကာ ထိုဒေသတွင် မိမိလက်အောက်ခံ အုပ်ချုပ်မည့်သူတစ်ယောက်ကို ထားရှိအုပ်ချုပ်စေသည် ။ ထို့နောက် ထိုဒေသရှိ လူများ အပေါ် အခွန်အတုပ်ကောက်ခံကာ ဆက်သစေသည် ။ မိမိပိုင်ဆိုင်သော နယ်မြေများကို စုပေါင်းကာ မိမိနိုင်ငံတော်အဖြစ် သတ်မှတ်၍ အုပ်ချုပ်ခဲ့သည် ။ ကောင်းသော ဘုရင်များမှာ မိမိနိုင်ငံတော်ကို မျှတစွာ အုပ်ချုပ်ပြီး မှီတင်းနေထိုင်သူတို့ ၏ စားသောက်နေထိုင်မှုဘဝအတွက် လိုအပ်သည် များကို ဖြည့်တင်းလုပ်ဆောင်ပေးခဲ့ကြသည် ။ တရားမျှတစွာ အုပ်ချုပ်နိုင်ရန် ဥပဒေပြုကြသည် ။ အခွန်အခကိုလည်း မျှတစွာ ကောက်ခံသည် ။ မိမိနိုင်ငံတော် ဖွံ့ဖြိုးရေးကို ဆောင်ရွက်သည်

။ ထိုသို့ကောင်းမြတ်သောဘုရင်များ လက်အောက်တွင် နေထိုင်သူများမှာ ဘုရင်အား မိမိတို့ ၏ အရှင်သခင်အဖြစ် သစ္စာခံကာ ဘုရင့်နိုင်ငံတော်ကိုလည်း မိမိတို့ နိုင်ငံတော်အဖြစ် အသိအမှတ်ပြုကာ လိုအပ်လျှင် ကာကွယ်တိုက်ခိုက်ကြသည် ။

သို့သော် ထိုဘုရင်စနစ်မှာ လည်း အစိုးမရချေ။ အင်အားကြီးသော ဘုရင်များ သည် အင်အားနည်းသော ဘုရင်များကို နည်းအမျိုးမျိုးဖြင့် ရန်စတိုက်ခိုက်၍ နယ်မြေကို သိမ်းပိုက်ကာ မိမိပိုင် အင်ပါယာများ အဖြစ် ထူထောင်ကြပြန်သည် ။ ထိုအခါ အုပ်စိုးသူအနွယ်များ နှင့် တိုင်းသူပြည်သားများမှာ မိမိနိုင်ငံကို လာရောက်ကျူးကျော်သူများကို သိမ်းပိုက်ကာ မိမိပိုင် အင်ပါယာအဖြစ် ထူထောင်ကြပြန်သည် ။ ထိုအခါ အုပ်စိုးသူအနွယ်များ နှင့် တိုင်းသူပြည်သားများမှာ မိမိနိုင်ငံကို လာရောက်ကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ကြသည် ။ တော်လှန်ပုန်ကန်ကြသည် ။ မိမိနိုင်ငံတော်အတွက် အသက်ကို စွန့်လွှတ်ကြသည် ။ တစ်ပါးသူ အုပ်စိုးမှုကို တွန်းလှန်ကြသည် ။

ထို့ကြောင့် ‘ နိုင်ငံတော် ’ ဟူသော စကားလုံးမှာ လွတ်လပ်မှုအတွက် တွန်းလှန်တိုက်ခိုက်ခြင်းကို ကိုယ်စားပြု၍ မြင့်မြတ်၏ ။ ထို့အတူပင် နယ်ချဲ့အင်ပါယာအရှင်များ နှင့် ဖိနှိပ်သော ဘုရင်ဧကရာဇ်များကလည်း ထိုနိုင်ငံတော်ဟူသော စကားလုံးကိုပင် အသုံးပြုကာ မိမိအား တွန်းလှန်သူများကို နှိပ်ကွပ်ခဲ့ကြသည် ။ အဘိဓမ္မာပညာရှင် အချို့မှာ လ ည်း ထိုနိုင်ငံတော်ဟူသော စကားလုံးကို အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်လှစ်ကာ ရှင်းပြခဲ့ဖူးသည် ။

ထိုသို့သော ကြီးကျယ်၊ ကျယ်ဝန်းလှသည့် အနက်သဘောရှိသည့် နိုင်ငံတော်ဟူသော စကားလုံးမှာ အကျဉ်းထောင်အတွင်းဝယ်

အကျဉ်းသားများ အကြား မကြာခဏ ရေပန်းစားတတ်သော စကားလုံးတစ်လုံးသည် ဖြစ်နေတတ်ပြန်သည် ။ ထိုစကားလုံးမှာ အကျဉ်းသားများ အတွက် ရွှင်လန်းမြူးကြွရာ၊ မျှော်လင့်ရာ အိပ်မက်စကားလုံးတစ်လုံးလည်း ဖြစ်သည် ။ အဘယ်ကြောင့်နည်း။ ချုပ်နှောင်ခံရသော သတ္တဝါမှန်သမျှ လွတ်မြောက်လိုကြသည် မှာ သဘာဝ ပင် ဖြစ်၏ ။ မိမိကျခံရမည့် ရက်ထက် တစ်ရက်စောလျှင်လည်း စော၍လွတ်လိုသည် ။ နှစ်ကာလများ စွာ ကျခံနေရသူများ လည်း ကျသည့်နှစ်ထက် အချိန်များ စွာစော၍ လွတ်နိုင်မည့် အခွင့်အရေးကို လိုချင်ကြသည် ။ ကြိုးမိန့်ကျခံနေရသည့်သူများမှာ လည်း သေဘေးမှ တစ်နည်းနည်းဖြင့် လွတ်မြောက်လိုကြသည် ။ ထိုဆန္ဒများကြောင့်ပင် ထို ‘နိုင်ငံတော် ’ဟူသော စကားလုံးမှာ အကျဉ်းသားအားလုံးအတွက် သည်းခြေကြိုက် ရေပန်းစားသော စကားလုံးတစ်လုံး ဖြစ်နေရပေတော့သည် ။

ပြင်ပလောကတွင် အရပ်သားများ သိထားကြသော ‘ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ’ ကို အကျဉ်းထောင်အတွင်းဝယ် ‘ နိုင်ငံတော် ’ ဟူ၍ အကျဉ်းသားများက သုံးကြသည် ။ အစိုးရမှ လွန်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်မည်ကို ‘ နိုင်ငံတော်လာမည် ’ ဟု အကျဉ်းသားများက ပြောကြသည် ။

မြန်မာနိုင်ငံတွင် ‘ လွတ်ငြိမ်းချမ်းသာခွင့် ’ များ မကြာခဏ ထုတ်ပြန်ခဲ့ဖူးသည် ။ သို့သော် လွတ်ငြိမ်းချမ်းသာခွင့်ဟူသည် မှာ တစ်သမတ်တည်းမဟုတ်ဘဲ အမျိုးမျိုးရှိတတ်သည် ကို တွေ့ရလေသည် ။ ၁၉၆၃ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် တော်လှန်ရေးကောင်စီအစိုးရမှ ‘ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ’ ကို ထုတ်ပြန်ခဲ့ဖူးသည် ။ ထိုလွတ်ငြိမ်းချမ်းသာခွင့်မှာ အချုပ်၊ အကျနှင့် နိုင်ငံရေးပြစ်မှုနှင့်

ကျခံနေရသူများ ၊ တောတွင်းလက်နက်ကိုင် ပုန်ကန်ခဲ့သူများ ပါမကျန် ချုပ်နှောင်ခံရသူမှန်သမျှ တစ်ယောက်မကျန် လွှတ်ပေးလိုက်ခြင်း ဖြစ်သည် ။ ထိုသို့ ထောင်ခါလိုက်သော လွတ်ငြိမ်းချမ်းသာခွင့်မျိုး နောက်ထပ် မတွေ့ရတော့ပေ။

၁၉၈၀ မေလ (၂) ရက်နေ့တွင် လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ဖွဲ့စည်းနိုင်ခဲ့ခြင်းကို အကြောင်းပြုကာ မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီနိုင်ငံတော်ကောင်စီ အစိုးရမှ အမိန့်ကြေညာစာ အမှတ် (၂/၈၀) ဖြင့် 'လွတ်ငြိမ်းချမ်းသာခွင့် ' အမိန့်ထုတ်ပြန်ခဲ့ဖူးသည် ။ ထိုလွတ်ငြိမ်းချမ်းသာခွင့်မှာ မူ ၁၉၆၃ ခုနှစ်တုန်းကလို ထောင်ခါခြင်း မဟုတ်တော့ဘဲ သေဒဏ်ကျနေသူများကို တစ်သက်တစ်ကျွန်းပြောင်း၊ (၁၀) နှစ်အထက်ကျခံသူများကို (၁၀) နှစ်တည်စေ၍ (၁၀) နှစ်အောက်ကျနေသူများကိုသာ လွှတ်ပေးခဲ့ခြင်းဖြစ်သည် ။ အကန့်အသတ်နှင့်ပေးသော နိုင်ငံတော်ဖြစ်သည် ။

ထိုနောက်ပိုင်းတွင် မူ ထိုကဲ့သို့ အကန့်အသတ်နှင့် ပေးသော နိုင်ငံတော်တချို့ရှိခဲ့သည် ။ ၁၉၈၉ ခုနှစ်တွင် ထုတ်ပြန်သော (၄/၉၈)၊ ၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော (၁၁/၉၂) ၁၉၉၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော (၁/၉၃)တို့ မှာ အကျဉ်းသားများကို ပြစ်ဒဏ်လျှော့ပေါ့ကာ လွှတ်ပေးခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်များ ဖြစ်သည် ။ တစ်နည်း ဆိုရလျှင် 'လွတ်ငြိမ်းသက်သာခွင့် ' များ ဖြစ်သည် ။

ထို ' လွတ်ငြိမ်းချမ်းသာခွင့် ' များမှာ အကန့်အသတ်မျိုးမျိုး ပါရှိနေတတ်သဖြင့် အကျဉ်းသားများ အကြားတွင် မကြာခဏ

ရှုပ်ထွေးမှုများ ဖြစ်ရသည် လည်း တွေ့ရသည် ။ ပမာအားဖြင့် ဖော်ပြရသော ...

လွတ်ငြိမ်းချမ်းခွင့် တစ်ကြိမ်ခံစားဖူးသူသည် သေဒဏ်မှ ကျွန်းပြောင်းကာ ထောင်ဒဏ်နှစ်(၂၀) ပြောင်းလဲခံစားရသည် ။ ထို အ ကျ ဉ်း သား မှာ နောက်ထပ်တစ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် ထပ်မံကြုံပြန်လျှင် (၁၀) နှစ်အထက် (၁၀) နှစ်တည်းဟူသော အမိန့်အရ နှစ် (၂၀) မှ (၁၀) နှစ် ပြောင်းလဲခံစားရမည်ဖြစ်သော်လည်း ထိုသို့ မဟုတ်ပြန်။ လွတ်ငြိမ်းချမ်းသာခွင့် တစ်ကြိမ်ခံစားဖူးသဖြင့် နောက်တစ်ကြိမ် ထပ်ခံစားခွင့် မရှိဟု ဆိုသဖြင့် နှစ် (၂၀) မှ (၁၀) နှစ် မပြောင်းတော့ဘဲ နှစ်(၂၀) အတိုင်းခံစားရလေသည် ။

ထို့အပြင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျုံးမဝင်သူမှာ လည်း ရှိသေးသည် ။ ထိုသူများမှာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် မည်မျှပင်ကြုံကြုံ သူတို့ နှင့် မဆိုင်သလို ဖြစ်နေရသည် ။ ထိုသူများမှာ ပြစ်ဒဏ်သီးခြားခံနေရသူများ ဖြစ်သည် ။ အမှုတစ်ခုအတွက် (၇) နှစ်ဖြင့် သုံးမှုဆိုလျှင် ပေါင်း (၂၁) နှစ်ကျခံနေရသည် ။ သို့သော် လွတ်ငြိမ်းချမ်းသာခွင့်အရ (၁၀) နှစ်အထက် (၁၀) နှစ်အထက်ဆိုသည် နှင့် အကျုံးမဝင်နိုင်ဖြစ်နေရသည် ။ ထို့ကြောင့် လွတ်ငြိမ်းချမ်းသာခွင့်နိုင်ငံတော်မှာ အကျဉ်းသားအများ စုနှင့် မဆိုင်သကဲ့သို့ ဖြစ်ခဲ့ရသည် ။

နောက်ထပ် နိုင်ငံတော်တစ်မျိုးလည်း ရှိသေးသည် ။ ထို နိုင်ငံတော် မှာ အမိန့်ကြေညာစာနှင့် ထုတ်ပြန်သော လွတ်ငြိမ်းချမ်းသာခွင့်ပေးသော နိုင်ငံတော်မျိုး ဖြစ်သည် ။ အကျဉ်းထောင်အတွင်းတွင် မူ ‘ ဖိုအိုဝမ်း ’ ဟု ခေါ်ကြသည် ။ ‘ ဖိုအိုဝမ်း

’ ဆိုသည် မှာ ဥပဒေပုဒ်မ (၄၀၁) အရ ပြစ်ဒဏ်ကျခံ အကျဉ်းသားကို နောက်နောင် ဤကဲ့သို့ ပြစ်မှုမျိုး ထပ်မံ မကျူးလွန်ပါဟု ဝန်ခံလက်မှတ်ရေးထိုးစေကာ လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ လွှတ်ပေးခြင်းမျိုး ဖြစ်သည် ။ လက်ကျန် ပြစ်ဒဏ်များကို အာဏာပိုင်များမှ ကြွေးကျန်မှတ်ထားကာ လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်ခြင်းဖြစ်သည် ။ အကျဉ်းသားက လက်မှတ်မထိုးလျှင်တော့ လွတ်ငြိမ်းချမ်းသာခွင့် မရချေ။ လက်မှတ်ထိုးစေကာ လွတ်သွားပြီးမှ ပြစ်မှုထပ်မံကျူးလွန်လျှင်မူ ထိုပြစ်မှုအတွက် ပြစ်ဒဏ်အပြင် ယခင် မကျူးလွန်ပါဟု လက်မှတ်ထိုးချိန်က ကျန်ရစ်သော ပြစ်မှုကြွေးကျန်များ ပါ ပြန်လည်ပေါင်းစည်းခံရမည်ဖြစ်သည် ။ ဤသို့သော နိုင်ငံတော်မျိုးလည်း ရှိသေးသည် ။

ဤသို့ဖြင့် ညည ကျွန်တော်တို့ လှုပ်နိုးနေခဲ့သော နိုင်ငံတော်မှာ ထောင်အတွင်း နေထိုင်မှု ဘဝတစ်လျှောက်လုံး အကြိမ်ကြိမ် လှုပ်နိုးနေတော့သည် ။ မျှော်လင့်ချက်မဲ့စွာနှင့် နိုင်ငံတော်ကို မျှော်လင့်ခဲ့ကြသည် ။ထိုသို့ ကျွန်တော်တို့ မျှော်လင့်နေကြသလို အကျဉ်းထောင် အာဏာပိုင်များမှာ လည်း ထောင်တွင်းအုပ်ချုပ်ရေး တည်ငြိမ်စေရန်အတွက် ထိုနိုင်ငံတော်ဆိုသည့် စကားလုံးကို အသုံးပြုတတ်ကြသေးသည် ။ ထို ‘နိုင်ငံတော်’ ဆိုသည့်စကားလုံးမှာ ထော င် အ တွ င်း ၌ ထွက်ပေါက်မဲ့ကာ ပေါက်ကွဲထွက်နိုင်သည့် အကျဉ်းသားများကို ငြိမ်သက်စွာနှင့် မျှော်လင့်ချက်ပေးနိုင်သော စကားလုံးဖြစ်သဖြင့် အုပ်ချုပ်မှုတွင် တည်ငြိမ်ရန် ထောင်အာဏာပိုင်များက အသုံးပြုနိုင်လေသည် ။

မည်သို့ပင်ဖြစ်စေ အကျဉ်းသားအားလုံး ‘ နိုင်ငံတော် ’ ကို မျှော်လင့်ကြဆဲပင်။ အကျဉ်းသားများ သာမက အကျဉ်းသားနှင့်

ဆက်စပ်နေသူများ မိသားစုများကပါ ‘ နိုင်ငံတော် ’ မျှော်လင့်နေကြသည် ။ ထို့အတူ ကျွန်တော်လည်း အမြဲမျှော်လင့်နေမိသည် ။ ကျွန်တော့်မှာ လည်း သီးခြားပြစ်ဒဏ်များဖြင့် (၁၄) နှစ် ကျခံနေရသဖြင့် ကျွန်တော်မျှော်လင့်သော နိုင်ငံတော်မှာ အကန့်အသတ်များ နှင့် ‘ လွတ်ငြိမ်းချမ်းသာခွင့် ’ မပာတ်ဘဲ ၁၉၆၃ ခုနှစ်က ထုတ်ပြန်ခဲ့ဖူးသော ‘ ထောင်ခါ ’ သော ‘ နိုင်ငံတော် ’ မျိုးသာ ဖြစ်တော့သည် ။

**********